ရှင်နွယ်ဟန်

# သူငယ်ပြန်

# အခန်း(၁)

``အဖေရော လုပ်ချလိုက်ပြန်ပြီ အိမ်ထဲမှာ ပဲနေပါဆို ဘယ်တော့မှ နားမထောင်ဘူး ခုသားအရောက် မြန်လို့ ပေါ့´´

``ဟုတ်တယ် အဖေရော နောက်ဆို ဘယ်မှ မသွားပါနဲ့ သမီးတို့ လည်း အဖေ့ကြောင့် အရှက်ရပေါင်းလည်း မနည်းတော့ဘူး´´

သမီးဖြစ်သူနဲ့ သားဖြစ်သူတို့ က ဖခင်ဖြစ်သူ ဦးစောထွန်းအား ပြော နေကြခြင်းပင် ဖြစ်သည် ။ သူတို့ အားလုံးရဲ့ ဖခင်မှာ သူငယ် ပြန်နေ ခြင်းပင် ဖြစ်တယ်။ ထို့ကြောင့်လည်း ဖခင်အားအိမ်ထဲ၌ သာ ထားသည် ။ အပြင်ထွက်ရင် အဖေသည် ပြဿနာတစ်ခု မဟုတ်တစ်ခု ပါလာတတ် စမြဲပင်။ တစ်ခါတစ်ရံ အဖေသည် ကလေးထက် ဆိုးသည် ။ အဖေ့ကို မောင်နှမသုံးယောက် အလှည့်ကျ ကြည့်ကြရ၏။ဒီနေ့က အလတ်မ တင် တင်ခိုင်ရဲ့ အလှည့်ပင်။

တင်တင်ခိုင် တစ်ယောက် မီးဖိုထဲဝင် ဟင်းချက်နေတုန်း အဖေက ထွက်သွားခြင်းပင် ဖြစ်သည် ။ အိမ်ရှေ့ထွက်လာတော့ ဖခင်က မရှိတော့ ပေ။ ဒါနဲ့ သူလည်း ဟင်းအိုးချကာ ဖခင်အား လိုက်ရှာ လိုက်တော့တယ် ။ နောက်ဆုံးမှာ တော့ ကလေးတစ်အုပ်နဲ့ ဂေါ်လီပစ်ကစားရင်း စကား များ နေကြသည် ။ ထိုကလေးတွေ အဖွဲ့နားသွားကာ ချော့မော့ ခေါ်ခဲ့ရ သည် ။ မရပေ နောက်ဆုံးမှာ မောင်လေး ရောက်လာမှ ပဲ တော်တော့သ

ည် ။ အဖေသည် ယခုဆိုအသက်(၈၃)နှစ်ပင် ရှိချေပြီ။

မောင်နှမ သုံးယောက်ရှေ့မှာ ထိုင်နေသော ဖခင်ဦးစောထွန်းမှာ ငိုမဲ့မဲ့ဖြင့်..

``နင်တို့ ကလည်း ဟာ အိမ်ထဲမှာ ငါ ငါတစ်ယောက်တည်း ပျင်းတယ်ဟ ပြီးတော့ မိတင်မက င့ါကို ဂရုမစိုက်ဘူး´´

အဖေသည် ကလေးတစ်ယောက်နှယ် တိုင်ပြောတော့သည် ။ ထိုအခါ အကြီးမ တင်တင်ကြီးက အလတ်မဘက် လှည့်ကာ...

``ဟုတ်လား အလတ်မ´´

``မဟုတ်ရပါဘူး မမကြီးရယ် ညီမလေး မီးဖိုထဲမဝင်ခင် အဖေ့ကို ကာတွန်းကား ဖွင့်ပြခဲ့တာပါပြီးမှ ဟင်းချက်တာ´´

``နင်ဖွင့်တဲ့ ကာတွန်းကား ငါမှ မကြိုက်တာ´´

အဖေသည် မဲ့ကာရွဲ့ကာဖြင့် ပြောလေသည် ။ မောင်နှမသုံးယောက် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကာ ပြုံးလိုက်ကြသည် ။

``ဒါဆို အဖေက ဘာကြိုက်တာလဲ´´

အငယ်ဆုံးသား ဖြစ်တဲ့ နေထွန်းလင်းမှ မေးလိုက်ခြင်း ဖြစ်သည် ။

``ကြောင်နဲ့ ကြွက် ကြည့်ချင်တာလေ နင်တို့ ကလည်း အရမ်း ပြောရတာပဲဟာ ဒီအိမ်မှာ ငါက အငယ်ဆုံးနော်´´

အဖေ့စကားကြောင့် မောင်နှမတွေ နောက်တစ်ဖန် ပြုံးရပြန်သည် ။

``ဟုတ်တာပေ့ါ ဒီအိမ်မှာ အဖေကအငယ်ဆုံး ဒီတော့ အငယ်ဆုံးလေး အဖေ့ကို ရေချိုးပေးမယ် ပြီးရင် ထမင်းစားမယ်နော်´´

နေလင်းက ပြောတော့..

``နင်တို့ ကလည်း နော် တစ်နေ့တစ်နေ့ ရေပဲချိုးနေတော့တာပဲ ငါ အေးတယ်ဟ မချိုးချင်ဘူး´´

``အဖေကလည်း မအေးပါဘူး နွေးနွေးလေး´´

``နင်တကယ်ပြောတာနော် ဒါဆိုချိုးမယ် ချိုးမယ်´´

``သွားကြမယ်´´

နေလင်းလည်း ဖခင်ဖြစ်သူအား ရေချိုးခန်းရှိရာဆီသို့ ခေါ်ဆောင်သွားကြတော့သည် ။ အဖေရေချိုးနေစဉ် ညီမနှစ်ယောက် ထမင်းပွဲ အဆင်သင့် ပြင်ထားကြလေသည် ။

ရေချိုးပြီးသော်..

``ထမင်းစားမယ် အဖေကဒီမှာ ထိုင်´´

အကြီးမတင်တင်ကြီးက အဖေ့အား နေရာပေးကာ ထိုင်စေလိုက်သည် ။ ထိုအခါ ဖခင်က.

``ငါ ငါက ထမင်းမစားတတ်ဘူးနော် နင်တို့ ခွံ့ကျွေးရမှာ ´´

``အဖေကလည်း ကလေးမှ မဟုတ်တာ ကိုယ့်ပါသာစားပါလား´´

မောင်နှမတွေ ဖခင်အားစလိုက်ကြပြန်တယ်။

``နင်တို့ ကလည်း ဟာ ငါက ခုမှ ကလေးပဲ ရှိသေးတာကို ကလေးက ဘယ်လိုလုပ် ထမင်းစားတတ်မှာ လဲ မရဘူးခွံ့ကျွေး´´

အကြီးမတင်တင်ကြီးက ဖခင်အားကြည့်ကာ ပြုံးလိုက်ရင်း..

``မငိုပါနဲ့ အဖေရယ် သမီးတို့ ကစတာပါ အဖေ့ကို သမီးခွံ့ကျွေးမယ်နော်´´

အဲဒီနောက်အကြီးမ တင်တင်ကြီးက ဇလုံထဲထမင်းနဲ့ ဟင်းရောနှယ်ကာ ဖခင်အား ခွံ့ကျွေးလေသည် ။

``အဖေစားလို့ ကောင်းရဲ့ လား ´´

``အင်း စားကောင်းတယ် နင်ကင့်ါကိုထမင်းပဲကျွေးနေတာ ဟင်းကျွေးဦး´´

``ကျွေးပါတယ် အဖေရ ဒီမှာ လေ ဟင်းဖတ်´´

အဖေ့ကို ထမင်းကျွေးပြီးမှ ပဲ သူစားတော့သည် ။ စားသောက်ပြီးသော် ပန်းကန်တွေ ဆေးနေလိုက်သည် ။ ညဘက်အိပ်ချိန် ရောက်သော် ဖခင်အားအလှည့်ကြ ပုံပြင်ပြောပြရသည် ။ ပုံပြင် နားမထောင်ရရင် အဖေသည် မအိပ်တော့ပေ။

***